**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**မူပိုင်ခွင့်ဦးစီးဌာန**

**ကြေညာချက်အမှတ် ၂/၂၀၂၃**

**၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်**

**(၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်)**

မူပိုင်ခွင့်ဦးစီးဌာနသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ(ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

**အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအတွက် အခကြေးငွေ ပေးဆောင်ရမည့် နည်းလမ်းများ သတ်မှတ်ခြင်း**

၁။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်း အတွက် သတ်မှတ်ထားသော အခကြေးငွေများကို ပေးဆောင်ရမည့် နည်းလမ်းများအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က) ဦးစီးဌာနမှ သတ်မှတ်ထားသော အီလက်ထရောနစ်မှတ်ပုံတင်စနစ် (WIPO File) ဖြင့် လျှောက်ထားသော လျှောက်ထားချက်များအတွက် သတ်မှတ်ထားသည့် အခကြေးငွေကို WIPO File မှတစ်ဆင့် အီလက်ထရောနစ် ငွေပေးချေမှုနည်းလမ်း (E-Payment) ဖြင့် ပေးသွင်းရမည်။

( ခ ) ဦးစီးဌာန၏ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက် လက်ခံမည့်ရုံးချုပ်နှင့် ရုံးခွဲများသို့လာရောက်လျှောက်ထားခြင်းများအတွက်သတ်မှတ်ထားသည့်အခကြေးငွေကို ကဒ်ပေးချေမှု လက်ခံစက်ဖြင့် ငွေပေးချေမှုနည်းလမ်း (Point of Sale - POS) စနစ်ဖြင့် ပေးသွင်းရမည်။

၂။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်း အတွက် အခကြေးငွေ ပေးဆောင်ရမည့် နည်းလမ်းများကို အခါအားလျော်စွာ စိစစ်သုံးသပ်၍ ပြင်ဆင်သတ်မှတ် ဆောင်ရွက်သွားမည် ဖြစ်သည်။

မူပိုင်ခွင့်ဦးစီးဌာန